Myanmar Centre for Responsible Business

သို့

ဥက္ကဋ္ဌ

ဥပဒေကြမ်းပူးပေါင်းကော်မတီ

ပြည်ထောင်စုလွှတ်တော်

နေပြည်တော်။

ရက်စွဲ ။ ။ ၂၀၁၇ ခုနှစ်၊ ဖွန်လ (၇) ရက် ။

စာအမှတ်။ ။ ၀၂၀ - ၂၀၁၇

**အကြောင်းအရာ ။ ။ ရေနံလက်ယက်တွင်းဆိုင်ရာ ဥပဒေကြမ်းနှင့် ပတ်သတ်၍ အကြံပြုချက်များ တင်ပြခြင်း။**

မြန်မာ့စီးပွားရေးကဏ္ဍ တာဝန်ယူမှုရရှိရေး အထောက်အကူပြုဌာန (Myanmar Centre for Responsible Business – MCRB) သည် ပြောင်းလဲလာသော မြန်မာ့နိုင်ငံရေး၊ စီးပွားရေးတို့နှင့် အညီ မြန်မာနိုင်ငံတွင် တာဝန်ယူမှုရှိသော ကောင်းမွန်သည့် စီးပွားရေးအလေ့အကျင့်များဖြစ်ထွန်းလာစေရန်၊ နိုင်ငံတကာစံနှုန်းများနှင့် ဒေသ၏ လိုအပ်ချက်များအပေါ် မူတည်၍ မြန်မာနိုင်ငံ၌ တာဝန်ယူမှုရှိသော အသိပညာ၊ စွမ်းဆောင်ရည်နှင့် စကားဝိုင်းများ ဖြစ်ပေါ်လာစေရန်အတွက် ထိရောက်သော တရားဝင် အခင်းအကျဉ်းတစ်ခု ပံ့ပိုးပေးရန် ရည်ရွယ်ချက်ဖြင့် ၂၀၁၃-ခုနှစ် ၊ ဩဂုတ်လ (၁) ရက်နေ့တွင် အင်္ဂလန်နိုင်ငံအခြေစိုက် The Institute for Human Rights and Business ( IHRB) နှင့် ဒိန်းမတ် နိုင်ငံအခြေစိုက် The Danish Institute for Human Rights (DIHR) တို့မှ ပူးပေါင်းတည်ထောင်ထား ခြင်းဖြစ်ပါသည်။

MCRB ၏ လုပ်ငန်းစဉ်များအနက်တစ်ခုမှာ စီးပွားရေးလုပ်ငန်းများ၏ သက်ရောက်မှုများအား ကဏ္ဍ အလိုက် လေ့လာဆန်းစစ်ခြင်းများ ( Sector-Wide Impact Assessments – SWIA) ပြုလုပ်ရန် ဖြစ်ပြီး ၂၀၁၃-၂၀၁၄ ခုနှစ်တွင် မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၏ သက်ရောက်မှုများအား လေ့လာ ဆန်းစစ်ခြင်းကို အစိုးရ၏ ခွင့်ပြုချက်ဖြင့် ပြုလုပ်ခဲ့ပြီး ကဏ္ဍ၏ ကောင်းကျိုး၊ ဆိုးကျိုး သက်ရောက်မှု

Myanmar Centre for Responsible Business, No.6 (A), Shin Saw Pu Rd. (Near Sakura Hospital),
Kayin Chan Ward, Ahlone Township, Yangon, Myanmar
Tel/fax: +95 1-512613 info@myanmar-responsiblebusiness.orgwww.myanmar-responsiblebusiness.org

များအား လေ့လာသုတေသနပြုလုပ်ကာ ပတ်သတ်ဆက်နွယ်သူများနှင့် ကျယ်ကျယ်ပြန့်ပြန့် ပြန်လည်မျှဝေ၍ ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းကဏ္ဍအတွင်း တာဝန်ယူမှုရှိသော စီးပွားရေးအလေ့အထများ ပိုမိုဖြစ်ထွန်းလာစေရန် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုရန် ရည်ရွယ်ချက်ဖြင့် ပြုလုပ်ခဲ့ပါသည်။ ထို့အပြင် ကျွန်ုပ်တို့ လုပ်ဆောင်လျှက်ရှိသော မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းကဏ္ဍ၊ မြန်မာ့သတ္တုလုပ်ငန်းကဏ္ဍ၊ မြန်မာ့ခရီးသွားလုပ်ငန်းကဏ္ဍ၊ သတင်းအချက်အလက်နှင့်ဆက်သွယ်ရေးကဏ္ဍတို့နှင့် ပတ်သတ်၍ အစိုးရမှထုတ်ပြန်သည့် မူဝါဒများ၊ လမ်းညွှန်ချက်များ၊ စည်းမျဉ်းစည်းကမ်းများ၊ နည်းဥပဒေများနှင့် ဥပဒေကိစ္စရပ်များတွင် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းများအပြင် အကြံပြုချက်တင်ပြခြင်းများ ပြုလုပ်ခဲ့ပါသည်။

ယခုအခါ ရေနံလက်ယက်တွင်းဆိုင်ရာ ဥပဒေကြမ်းနှင့် သက်ဆိုင်သော အကြံပြုချက်များသည် အောက်ပါပုဒ်မများအပေါ် မူတည်၍ ထွက်ပေါ်လာခဲ့ခြင်းဖြစ်ပါသည်။

ကျွန်ုပ်တို့ MCRB မှ ၂၀၁၆ ခုနှစ်တွင် ပြည်ထောင်စုလွှတ်တော်မှ ပြုစုရေးသားခဲ့သော ရေနံလက်ယက်တွင်းဆိုင်ရာ ဥပဒေကြမ်းအပေါ် ကျွန်ုပ်တို့၏ အကြံပြုချက် (၇) ချက်ကို အလေးအနက်တင်ပြအပ်ပါသည်။

ယခုတင်ပြချက်နှင့်ပတ်သတ်၍ ဆွေးနွေးပြန်ကြားလိုပါက MCRB ၏ သယံဇာတစီမံကိန်း တာဝန်ခံ ဦးအောင်ကျော်စိုး (၀၉ - ၇၉၈၄၆၁၇၃၀ ၊ aung.kyaw.soe@myanmar-responsiblebusiness.org) သို့ ဆက်သွယ်အကြောင်းကြားပေးပါရန် လေးစားစွာ တင်ပြအပ်ပါသည်။

လေးစားစွာဖြင့်

*Vicky Bowman*

ဗစ်ကီ ဗိုးမန်း

ဒါရိုက်တာ

မြန်မာ့စီးပွားရေးကဏ္ဍတာဂန်ယူမှုရှိရေးအထောက်အကူပြုဌာန - MCRB

Myanmar Centre for Responsible Business, No.6 (A), Shin Saw Pu Rd. (Near Sakura Hospital),
Kayin Chan Ward, Ahlone Township, Yangon, Myanmar
Tel/fax: +95 1-512613 info@myanmar-responsiblebusiness.orgwww.myanmar-responsiblebusiness.org

## အကြံပြုချက် (၁)

**ပုဒ်မ ၄။** ရေနံလက်ယက်တွင်း တူးဖော်ခြင်းလုပ်ငန်းနှင့် ရေနံလက်ယက်တွင်းမှ ရေနံထုတ်လုပ်ခြင်းလုပ်ငန်းကို လုပ်ကိုင်ဆောင်ရွက်လိုသူသည် မိမိလုပ်ကိုင်လိုသော လုပ်ကွက်၏ အကျယ်အဝန်း၊ တည်နေရာနှင့် သက်ဆိုင်ရာဌာနအသီးသီး၏ ထောက်ခံချက်တို့ကို ပြည့်စုံစွာဖော်ပြ၍ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့သို့ အဆိုပြုလျှောက်ထားရမည်။

**ပုဒ်မ ၅။** သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ ၊သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဦးစီးအဖွဲ့သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့သည်လျှောက်ထားလာသည့် လုပ်ကွက်နှင့် ပတ်သတ်၍ သတ်မှတ်ချက်များနှင့်အညီ ညီညွတ်ခြင်းရှိ မရှိစိစစ်ပြီး ညီညွတ်မှုရှိပါက ဝန်ကြီး ဌာနသို့ ထောက်ခံပေးပို့ရမည်။

**ပုဒ်မ ၆။** ပုဒ်မအရ ထောက်ခံပေးပို့လာသည့် လုပ်ကွက်နှင့်ပတ်သတ်၍ ဝန်ကြီးဌာနသည် မိမိတိုဝန်ကြီးဌာနက သတ်မှတ်ထားသော သို့မဟုတ် သတ်မှတ်ရန်လျာထားသော ရေနံနှင့်သဘာဝဓာတ်ငွေ့ရှာဖွေတူးဖော်သည့်  လုပ်ကွက်ဧရိယာများနှင့် လွတ်ကင်းမှုရှိမရှိနှင့် အခြားလိုအပ်သည်များကို စိစစ်၍ သတ်မှတ်ချက်များနှင့် ညီညွတ်ပါက ယင်းလုပ်ကွက်ကို ခွင့်ပြုနိုင်ရေးအတွက် ပြည်ထောင်စုအစိုးရအဖွဲ့ ထံသို့ဆက်လက် တင်ပြ ဆောင်ရွက်ရမည်။

**အထက်ဖော်ပြပါ အခန်း(၃)၊ လုပ်ကွက်သတ်မှတ်ခြင်းဆိုင်ရာ ပုဒ်မ ၄၊ ၅၊ ၆ နှင့် စပ်လျဉ်း၍ အကြံပြုလိုပါသည်။ မိမိတို့၏ ယူဆချက်မှာ ရေနံထုတ်လုပ်ခြင်းလုပ်ငန်းကို လုပ်ကိုင်ဆောင်ရွက်လိုသူသည် ခွင့်ပြုချက်ကို သက်ဆိုင်ရာမြို့နယ်မှ တဆင့် လျှောက်ထားပြီး ၎င်းမြို့နယ်မှ လုပ်ကွက်နှင့်ပတ်သတ်၍ သတ်မှတ်ချက်များနှင့် ညီညွတ်မှုရှိမရှိကို စိစစ်ကာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့သို့ ထောက်ခံပေးပို့ပြီး လုပ်ကိုင်ခွင့်ပြုသင့်ပါသည်ဟု အကြံပြုလိုပါသည်။ အဘယ်ကြောင့်ဆိုသော် ရေနံလက်ယက်တွင်းလုပ်ငန်းကို လုပ်ကိုင်ဆောင်ရွက်လိုသူအများစုသည် အခြေခံလူတန်းစားများသာ ဖြစ်ပြီး မြို့နယ်မှတဆင့် ပြည်ထောင်စုအဆင့်အထိ အဆင့်ဆင့်ခွင့်ပြုချက်လျှောက်ထားမှုအတွက် ထိုသူများတွင် အဆင်မပြေမှုများစွာရှိနိုင်သလို အချိန်ကြန့်ကြာခြင်းနှင့် ကုန်ကျမှုများခြင်းလည်း ရှိနိုင်ပါသည်။ ထိုသို့အဆင်မပြေမှုများနှင့် အချိန်ကြန့်ကြာပြီး ကုန်ကျမှုများသော ခွင့်ပြုချက် လုပ်ငန်းစဉ်များသည် ထိုသူများကိုပို၍ တရားမဝင်လုပ်ငန်းများလုပ်လိုစိတ်ကို တွန်းအားပေးသလို ဖြစ်နေမည်ကိုလည်း သတိထားစဉ်းစားရန် လိုမည်ဟု အကြံပြုလိုပါသည်။ ထို့ကြောင့် ခွင့်ပြုချက်ကို**

Myanmar Centre for Responsible Business, No.6 (A), Shin Saw Pu Rd. (Near Sakura Hospital),
Kayin Chan Ward, Ahlone Township, Yangon, Myanmar
Tel/fax: +95 1-512613 info@myanmar-responsiblebusiness.orgwww.myanmar-responsiblebusiness.org

**အချိန် ကြန့်ကြာမှုနှင့် ကုန်ကျမှုနည်းပြီး လက်လှမ်းမီနိုင်သော လုပ်ငန်းစဉ်များအဖြစ် ဆောင်ရွက်ပေးနိုင်ပါရန် အထက်ဖော်ပြပါ ပုဒ်မ ၄၊ ၅၊ ၆ ကို ပြန်လည်စဉ်းစားသင့်ပါကြောင်း အကြံပြုလိုပါသည်။**

## အကြံပြုချက် (၂)

| |
|---|
| **ပုဒ်မ ၁၅။** ဝန်ကြီးဌာနသည် နိုင်ငံတော်အစိုးရက အများပြည်သူအကျိုးစီးပွားအလို့ငှာ လိုအပ်၍ လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ ဆောင်ရွက်နေသော လုပ်ကွက်မြေဧရိယာအားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ တည်ဆဲဥပဒေနှင့်အညီ ပြန်လည်သိမ်းယူသည့်အခါ လုပ်ငန်းလုပ်ကိုင်ခွင့်ရသူသည် အခြားသင့်လျော်သည့် နေရာတစ်ခုကို အစားထိုးလုပ်ကိုင်ခွင့်ရရှိနိုင်ရန် ပြန်လည်လျှောက်ထားလာပါက စိစစ်ခွင့်ပြုနိုင်သည်။<br>**ပုဒ်မ ၁၇။** လုပ်ငန်းလုပ်ကိုင်ခွင့်ရသူသည် -<br>(ဇ) နိုင်ငံတော်အစိုးရက အများပြည်သူ အကျိုးစီးပွားအလို့ငှာ လိုအပ်လာလျှင် ခွင့်ပြုထားသော မြေဧရိယာ အားလုံးကိုဖြစ်စေ တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ တည်ဆဲဥပဒေနှင့်အညီ ပြန်လည်သိမ်းယူ သည့်အခါ ပြန်လည်အပ်နှံရမည်။ ထိုသို့ပြန်လည်အပ်နှံပြီးနောက် လုပ်ငန်းလုပ်ကိုင်ခွင့်ရသူသည် အခြားသင့်လျော်သည့် နေရာတစ်ခုခုကို အစားထိုးလုပ်ကိုင်ခွင့်ရရှိရန် ပြန်လည်လျှောက်ထားနိုင်သည်။ |

**အထက်ဖော်ပြပါ အခန်း(၅)၊ ဝန်ကြီးဌာန၏ လုပ်ငန်းတာဝန်နှင့် လုပ်ပိုင်ခွင့်များနှင့်ပတ်သတ်သည့် ပုဒ်မ၁၅ နှင့် အခန်း(၇)၊ လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ လိုက်နာရမည့် စည်းကမ်းများနှင့် ပတ်သတ်၍ ဖော်ပြထားသည့် ပုဒ်မ ၁၇ ပုဒ်မခွဲ (ဇ) သည် ရေနံလက်ယက်တွင်းလုပ်ငန်းကို လုပ်ကိုင်နေသည့် အခြေခံလူတန်းစားများ၏ ဘဝအာမခံချက်ကို များစွာ ထိခိုက်မှုရှိနိုင်ပါသည်။ အဘယ်ကြောင့် ဆိုသော် ရေနံလက်ယက်တွင်းကို လုပ်ကိုင်ခွင့်ရသူများသည် အခြေခံလူတန်းစားများ ဖြစ်ကြသလို ရေနံလက်ယက်တွင်းလုပ်ငန်းသည်လည်း ၎င်းတို့၏ မိသားစုစားဝတ်နေရေးအတွက် အဓိကလုပ်ငန်းလည်း ဖြစ်နိုင်ပါသည်။ ဤလုပ်ငန်းတစ်ခုအပေါ်တွင် ရင်းနှီးမြှုပ်နှံထားရသည့် ငွေကြေး မှာလည်း ၎င်းတို့၏ လူမှုဘဝအတွက် အရေးကြီးသည့် အရင်းအနှီးဖြစ်ပါလိမ့်မည်။ ၎င်းတို့၏ စားဝတ်နေရေးသည်လည်း လုပ်ငန်းမှ ဖြစ်ပေါ်လာမည့် အကျိုးအမြတ်အပေါ်တွင်သာမှီတည်နေပါလိမ့်မည်။ ထို့ကြောင့် အများပြည်သူ အကျိုးစီးပွားအတွက် ခွင့်ပြုထားသည့် ဧရိယာကို " တည်ဆဲဥပဒေနှင့် အညီ ပြန်လည်သိမ်းယူခြင်း" ဆိုသည့် စကားရပ်တွင် အချိန်ကာလတစ်ခုနှင့် အခြေအနေတစ်ရပ်ကိုပါ ထည့်သွင်းစဉ်းစားရန် လိုအပ်ပါလိမ့်မည်။ ထို့အပြင် လက်ရှိ လုပ်ငန်းလုပ်ကိုင်ခွင့်ရသူများ၏ ရပိုင်ခွင့်**

**အခွင့်အရေးများ နစ်နာဆုံးရှုံးမှုမရှိစေရေးအတွက် အစီအမံများကို ကြိုတင်ပြင်ဆင်၍ လုပ်ဆောင်ရန် လိုအပ်ပါသည်။ ၎င်းတို့အတွက် နစ်နာမှုမရှိစေရန် လုံလောက်သော အချိန်တစ်ခုပေး၍ အစိုးရမှ ပြန်လည်လုပ်ကိုင်နိုင်ရန် ထည့်သွင်းစဉ်းစားရန်လိုအပ်သလို လုပ်ငန်းလိုင်စင်မှာ တစ်နှစ်သက်တမ်း သာ ရှိသည့်အတွက် ထိုသူများနစ်နာမှုမရှိစေရေးကို အထူးအလေးထား စဉ်းစားသင့်ပါကြောင်း အကြံပြု လိုပါသည်။**

**အကြံပြုချက် (၃)**

| |
|---|
| **ပုဒ်မ ၁၆။** တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့၏ လုပ်ငန်းတာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်။<br>**(စ)** ရေနံလက်ယက်တွင်းမှ ထွက်ရှိသည့် ရေနံဆိုင်ရာ ဘဏ္ဍာတော်ကြေးနှင့် လုပ်ကွက်အတွက် မြေငှားရမ်းခများကောက်ခံခြင်း။ |

**အထက်ဖော်ပြပါ အခန်း(၆)၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့၏ လုပ်ငန်းတာဝန်နှင့် လုပ်ပိုင်ခွင့်များနှင့် ပတ်သတ်သည့် ပုဒ်မ ၁၆ တွင်ပါရှိသည့် ရေနံဆိုင်ရာ ဘဏ္ဍာတော်ကြေးနှင့် လုပ်ကွက်အတွက် မြေငှားရမ်းခများ ကောက်ခံခြင်းကို ထည့်သွင်းဖော်ပြရာ အဆိုပါအချက်တွင် မြေငှားရမ်းခကောက်ခံခြင်းနှင့်ပတ်သတ်၍ ပြန်လည်စဉ်းစားသင့်ပါသည်။ အဘယ်ကြောင့်ဆိုသော် ရေနံလက်ယက်တွင်းလုပ်ကိုင်သူများသည် လက်ရှိအနေအထားအရ ၎င်းတို့ ရေနံလက်ယက်တွင်း တူးဖော်မည့်နေရာ၏ မြေပိုင်ရှင်အား မြေငှားရမ်းခ (သို့မဟုတ်) အစုရှယ်ယာတစ်စုကို ပေးဆောင်နေရသည့် ဒေသများရှိပါသည်။ ဥပမာ - ရခိုင်ဒေသ ။ ထိုသူများမှ အစိုးရအား မြေငှားရမ်းခ ထပ်မံပေးဆောင်ရမည်ဆိုပါလျှင် ခက်ခဲမှုများရှိနိုင်ပါသည်။ ထို့ကြောင့် အစိုးရမှ လိုင်စင်ထုတ်မပေးမီ လျှောက်ထားလာသည့် နေရာ၏ မြေယာဆိုင်ရာ ကိစ္စရပ်များကို သေချာစိစစ်ဆောင်ရွက်ပြီးမှသာ လိုင်စင်ထုတ်ပေးသင့်သကဲ့သို့ မြေငှားရမ်းခ တစ်ခုတည်းဖြစ်စေရန်အတွက် ရှင်းလင်းတိကျသည့် စီမံဆောင်ရွက်မှုဖြစ်စေရေးကို ထည့်သွင်းစဉ်းစားသင့်ပါကြောင်း အကြံပြုလိုပါသည်။ ထို့အပြင် လက်ရှိ**

Myanmar Centre for Responsible Business

**မြေပိုင်ရှင်၏ အခွင့်အရေးများ ဆုံးရှုံးနစ်နာမှုမရှိစေရေးကိုလည်း အထူးအလေးထား ဆောင်ရွက်သင့်ပါကြောင်း ထပ်မံအကြံပြုလိုပါသည်။**

**အကြံပြုချက် (၄)**

| |
|---|
| **ပုဒ်မ ၁၇။** လုပ်ငန်းလုပ်ကိုင်ခွင့်ရသူသည် -<br>**(ဆ)** နေ့စဉ်ရေနံထုတ်လုပ်မှုပမာဏ စာရင်းဇယားကို သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့မှတစ်ဆင့် ဝန်ကြီးဌာနသို့ လစဉ်မပျက်မကွက် ပေးပို့ရမည်။ |

**အထက်ပါ အခန်း(၇) ၊ လုပ်ငန်းလုပ်ကိုင်ခွင့်ရသူလိုက်နာရမည့် စည်းကမ်းများကို ဖော်ပြထားသည့် ပုဒ်မ ၁၇၊ ပုဒ်မခွဲ (ဆ) အရ နေ့စဉ်ရေနံထုတ်လုပ်မှုပမာဏစာရင်းဇယားကို ပေးပို့ရမည်ဆိုရာတွင် လုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူ တစ်ဦးတစ်ယောက်ချင်းစီမှ နေ့စဉ် ရေနံထုတ်လုပ်မှုပမာဏစာရင်းဇယားကို လုပ်ဆောင်ပြီး သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင်ရဒေသဦးစီးအဖွဲ့မှ တစ်ဆင့် ဝန်ကြီးဌာန သို့ လစဉ်မပျက်မကွက် ပေးပို့ရမည်ဆိုသည်မှာ ရုံးပိုင်းဆိုင်ရာ/စာရင်းဇယားပိုင်းဆိုင်ရာတွင် အတွေ့အကြုံနည်းပါးသော လုပ်ငန်းလုပ်ကိုင်ခွင့် ရရှိသူများအတွက် အလွန်ကို ဝန်ထုပ်ဝန်ပိုး ဖြစ်စေမည်ဟု ထင်မြင်ယူဆမိပါသည်။ ထိုသို့ လုပ်ကွက် တစ်ခုချင်းစီအလိုက် လစဉ်ထုတ်လုပ်မှု ပမာဏစာရင်းဇယားကို ပေးပို့မည့်အစား သက်ဆိုင်ရာ မြို့နယ်ရှိ တာဝန်ရှိဌာနမှ ၎င်းဒေသတွင်ရှိသော ရေနံလက်ယက်တွင်းအားလုံး၏ ထုတ်လုပ်မှုစာရင်းကို တာဝန်ယူ ကောက်ခံကာ လုပ်ငန်းအားလုံး ပါဝင်သည့် ခြုံငုံ၍ ပြုစုထားသော အစီရင်ခံစာကို ပြည်နယ် အဆင့်သို့ လစဉ်တင်ပြခြင်းမျိုးကသာလျှင် ပိုမိုသင့်လျော်၍ ထိရောက်မြန်ဆန်လိမ့်မည်ဟု အကြံပြုလိုပါသည်။**

Myanmar Centre for Responsible Business, No.6 (A), Shin Saw Pu Rd. (Near Sakura Hospital),
Kayin Chan Ward, Ahlone Township, Yangon, Myanmar
Tel/fax: +95 1-512613 info@myanmar-responsiblebusiness.orgwww.myanmar-responsiblebusiness.org

## အကြံပြုချက် (၅)

| |
|---|
| **ပုဒ်မ ၂၀။** မည်သူမဆို ရေနံလက်ယက်တွင်းတူးဖော်ခြင်းနှင့် ရေနံလက်ယက်တွင်းမှ ရေနံထုတ်လုပ်ခြင်းလုပ်ငန်းကို လိုင်စင်မရှိဘဲ လုပ်ကိုင်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ထောင်ဒဏ် တစ်နှစ်မှ အများဆုံး သုံးနှစ်အထိဖြစ်စေ၊ အနည်းဆုံး ငွေဒဏ် ကျပ်သိန်းငါးဆယ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်စလုံး ဖြစ်စေ ချမှတ်ခြင်းခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်။ |

**အထက်ပါ အခန်း (၉) ၊ ပြစ်မှုနှင့်ပြစ်ဒဏ် ပုဒ်မ (၂၀) တွင်ဖော်ပြထားသည့် လိုင်စင်မရှိဘဲ လုပ်ကိုင် သည့်အတွက် ကျခံရမည့် ပြစ်မှုနှင့်ပြစ်ဒဏ်များကို ပြန်လည်စဥ်းစားသုံးသပ်ရန် လိုအပ်သည်ဟု ထင်မြင်မိပါသည်။ အဘယ်ကြောင့်ဆိုသော် လိုင်စင်လျှောက်ထားရန် လုပ်ငန်းစဥ်များသည် အချိန်ကြန့်ကြာခြင်းနှင့် အဆင်မပြေမှုများရှိနိုင်ခြင်းတို့ကိုလည်း ထည့်သွင်းစဥ်းစားရန် လိုအပ်သကဲ့သို့ ဒေသတစ်ခုနှင့်တစ်ခု ကွာခြားမှုကိုလည်း နားလည်ရန်လိုအပ်ပါမည်။ ဥပမာ - ရခိုင်ဒေသနှင့် မကွေးဒေသ၏ အခြေအနေ။ လက်ရှိရိုးရာအရ လုပ်ဆောင်နေသည့် ရေနံလက်ယက်တွင်းများသည်လည်း ဤဥပဒေပြဌာန်းပြီးနောက်ပိုင်း ရပ်ဆိုင်းခံရနိုင်ခြေရှိပြီး ရေနံလက်ယက်တွင်းလုပ်ငန်းတစ်ခုတည်း ကိုသာ အဓိက စားဝတ်နေရေးအတွက် လုပ်ကိုင်နေကြသည့် အခြေခံလူတန်းစားများ၏ စားဝတ်နေရေးအား ထိခိုက်နိုင်ခြေကိုလည်း ထည့်သွင်းစဥ်းစားသင့်ပါသည်။ ထို့ကြောင့် ဤပြစ်မှုနှင့်ပြစ်ဒဏ်များကို လျော့ပေါ့ စဥ်းစားသင့်ပါကြောင်း အကြံပြုလိုပါသည်။**

## အကြံပြုချက် (၆)

**ပုဒ်မ ၂၆ (က)။** ရေနံလက်ယက်တွင်းလုပ်ငန်းလုပ်ကိုင်သူသည် -

**(၁)** မိမိလုပ်ကိုင်မည့် လုပ်ကွက်တွင် ပိုင်ရှင် (သို့မဟုတ်) ဥပဒေအရ အခွင့်အရေး တစ်စုံ တစ်ရာ ရရှိထားသူ မရှိသည့်နေရာဖြစ်စေရန်လည်းကောင်း၊ မိမိလုပ်ကိုင်ခွင့်ရရှိခြင်းသည် ဥပဒေနှင့်အညီ ဖြစ်စေရန်လည်းကောင်း တာဝန်ယူဆောင်ရွက်ရမည်။

**(၂)** လိုင်စင်ရရှိပြီးနောက် မိမိလုပ်ကွက်တွင် ပိုင်ရှင် သို့မဟုတ် ဥပဒေအရ အခွင့်အရေးတစ်စုံတစ်ရာရှိသူပေါ်ပေါက်ပြီး ကန့်ကွက်လျှင် မိမိကိုယ်တိုင် တာဝန်ယူဖြေရှင်းရမည်။

**(၃)** ပုဒ်မခွဲ (၂) အရ မိမိကိုယ်တိုင်ဖြေရှင်း၍ ပြေလည်မှု မရရှိလျှင် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သို့ဖြစ်စေ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့သို့ဖြစ်စေ တင်ပြ၍ လမ်းညွှန်မှု ခံယူ ဖြေရှင်းနိုင်သည်။

**(ခ)** ဝန်ကြီးဌာနသည် လုပ်ကွက်နှင့်စပ်လျဉ်း၍ ကန့်ကွက်ချက်ကို လိုင်စင်ရရှိသူက ပုဒ်မခွဲ (က) နှင့် အညီ ပြီးပြတ်သည်အထိ ဖြေရှင်းနိုင်ခြင်းမရှိလျှင် ရေနံလက်ယက်တွင်း လုပ်ငန်းလုပ်ကိုင်သူအား ထုတ်ပေးထားသည့်လိုင်စင်ကို ရုတ်သိမ်းနိုင်သည်။

**အထက်ပါ အခန်း(၁၀)၊ အထွေထွေနှင့်ပတ်သတ်သည့် ပုဒ်မ ၂၆ ပုဒ်မခွဲ (က - ၁) တွင်ဖော်ပြထားသော " မိမိလုပ်ကိုင်မည့် လုပ်ကွက်တွင် ပိုင်ရှင် (သို့မဟုတ်) ဥပဒေအရ အခွင့်အရေးတစ်စုံတစ်ရာ ရရှိထားသူ မရှိသည့်နေရာ ဖြစ်စေရန်" ဆိုသည့်အချက်မှာ ရှင်းလင်းမှုမရှိဟု ယူဆပါသည်။ လက်ရှိအနေအထား အရ ရိုးရာရေနံလက်ယက်တွင်းများကို လုပ်ဆောင်နေသူများသည် တခြားသူတစ်ဦးတစ်ယောက်၏ ပိုင်ဆိုင်သောမြေပေါ်တွင် ငှားရမ်းကာ လုပ်ကိုင်နေကြပါသည်။ ရေနံထွက်ရှိသည့် နေရာသည်လည်း အကန့်အသတ်နှင့်သာရှိနေသဖြင့် လိုင်စင်လျှောက်ထားလာမည့် လုပ်ကွက်သည်လည်း ကမ်းခြေနှင့် ချောင်းကမ်းပါးမှ လွဲ၍ ပိုင်ရှင်ရှိပြီးသား မြေများသာ ဖြစ်နေပါလိမ့်မည်။**

**ပုဒ်မ ၂၆၊ ပုဒ်မခွဲ (က - ၂) တွင်ဖော်ပြထားသည့် " လိုင်စင်ရရှိပြီးနောက် မိမိလုပ်ကွက်တွင် ပိုင်ရှင် သို့မဟုတ် ဥပဒေအရ အခွင့်အရေးတစ်စုံတစ်ရာရှိသူ ပေါ်ပေါက်ပြီး ကန့်ကွက်လျှင် မိမိကိုယ်တိုင် တာဝန်ယူ ဖြေရှင်းရမည်" ဆိုသည်မှာ အစိုးရမှ လုပ်ငန်းလုပ်ကိုင်မည့်သူများကို အကာအကွယ်ပေးမှု၊ တာဝန်ယူ ဖြေရှင်းပေးရန် တာဝန်ခံလိုမှုမရှိသည်ကို တွေ့ရပါသည်။ အခန်း(၃) တွင် လုပ်ကွက်သတ်မှတ်ခြင်းနှင့် စပ်လျဉ်းသည့် ပုဒ်မ ၄၊၅၊၆ အရဆိုလျှင် သက်ဆိုင်ရာ အဆင့်ဆင့်မှ စိစစ်သတ်မှတ်ပြီးမှသာ လိုင်စင်ကို ချထားပေးမည်ဖြစ်သောကြောင့် နောက်ပိုင်းဖြစ်ပေါ်လာသော**

Myanmar Centre for Responsible Business

မြေယာဆိုင်ရာ ကိစ္စရပ်များသည် လိုင်စင်ထုတ်ပေးသည့် အစိုးရဌာနနှင့်သာ သက်ဆိုင်ပြီး ၎င်းတို့ ကိုယ်တိုင်တာဝန်ယူဖြေရှင်းပေးရမည်ဟု ထင်မြင်ယူဆမိပါသည်။ ဖြစ်ပေါ်လာသော မြေယာဆိုင်ရာ ကန့်ကွက်မှုများအတွက် လုပ်ငန်းလုပ်ကိုင်သူက သက်ဆိုင်ရာဌာနကို အကြောင်း ကြားကာ အစိုးရမှ ဖြေရှင်းဆောင်ရွက်ခြင်းမျိုး ဖြစ်သင့် သည်ဟု အကြံပြုလိုပါသည်။

ပုဒ်မ ၁၆၊ ပုဒ်မခွဲ (ခ) တွင် " ဝန်ကြီးဌာနသည် လုပ်ကွက်နှင့်စပ်လျဉ်း၍ ကန့်ကွက်ချက်ကို လိုင်စင် ရရှိသူက ပုဒ်မခွဲ (က) နှင့် အညီ ပြီးပြတ်သည်အထိ ဖြေရှင်းနိုင်ခြင်းမရှိလျှင် ရေနံလက်ယက်တွင်း လုပ်ငန်းလုပ်ကိုင်သူအား ထုတ်ပေးထားသည့် လိုင်စင်ကို ရုတ်သိမ်းနိုင်သည်" ဆိုသည့်အချက်မှာ အလွန် နားလည်ရခက်ပြီး လုပ်ငန်းလုပ်ကိုင်သူများအတွက် အစိုးရမှ အကာအကွယ်ပေးမထားသည့် အပြင် တာဝန်ယူမှု၊ တာဝန်ခံမှု အားနည်းနေသည့် ပုံစံဖြစ်နေပါသည်။ အမှန်တွင် အစိုးရမှ ဤကဲ့သို့ ကိစ္စရပ်မျိုးသည် အစိုးရ၏ လိုင်စင်ထုတ်ပေးမည့် စိစစ်သတ်မှတ်ချက် အပေါ်တွင် မူတည်နေပါသည်။ ထိုသို့ စိစစ်သတ်မှတ်ချက်များမှာ မျှတပြီး မှန်ကန်ရှင်းလင်းရှိလျှင် ဤကဲ့သို့ ကိစ္စရပ်မျိုးဖြစ်လာနိုင် စရာမရှိပါ။ ဖြစ်လာပါကလည်း အစိုးရကသာ ကိုင်တွယ်ဖြေရှင်းရပါမည်ဟု ထင်မြင်ယူဆမိပါကြောင်း အကြံပြုလိုပါသည်။

Myanmar Centre for Responsible Business, No.6 (A), Shin Saw Pu Rd. (Near Sakura Hospital),
Kayin Chan Ward, Ahlone Township, Yangon, Myanmar
Tel/fax: +95 1-512613 info@myanmar-responsiblebusiness.orgwww.myanmar-responsiblebusiness.org

## အကြံပြုချက် (၇)

**ပုဒ်မ ၂၉ ပုဒ်မခွဲ (က)** ။ ဤဥပဒေပါ လုပ်ငန်းများကို လုပ်ကိုင်ခွင့်ရသူသည် လုပ်ငန်းမှ ထုတ်ယူရရှိသော ရေနံပမာဏပေါ် မူတည်၍ သက်ဆိုင်ရာ ရေနံလက်ယက်တွင်းလုပ်ကွက်တည်ရှိရာ ဒေသ၏ လူမှုစီးပွား ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရ အဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ ၏ သတ်မှတ်ချက်စည်းကမ်းချက်နှင့်အညီ ရန်ပုံငွေ ထည့်ဝင်ရမည်။

**အထက်ပါ အခန်း (၁၀)၊ အထွေထွေနှင့်ပတ်သတ်သည့် ပုဒ်မ ၂၉ ပုဒ်မခွဲ (က) တွင်ဖော်ပြထားသည့် လူမှုစီးပွားဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ရန်ပုံငွေထည့်ဝင်ရန် ကိစ္စရပ်မှာလည်း အခြေခံလူတန်းစား လုပ်ငန်းဆောင်ရွက်သူများအတွက် အဆင်မပြေမှုများဖြစ်စေနိုင်သည်ဟု ယူဆ ပါသည်။ အဘယ်ကြောင့်ဆိုသော် ထိုသူများ၏ လက်ရှိလုပ်ကိုင်နေသည့် လုပ်ငန်းမှ ရရှိသော ဝင်ငွေ သည် မိသားစုစားဝတ်နေရေး၊ သားသမီးများ၏ ပညာရေးနှင့် ကျန်းမာရေးအတွက်ပင် လုံလောက်မှု မရှိသည်ကို တွေ့မြင်ရပါသည်။ ဥပမာ - ရခိုင်ဒေသ။ ထိုသို့လုပ်ငန်းအတွက် အရင်းအနှီးများကို အဆင်ပြေသလို ထည့်ဝင်ကာ မိသားစုအရေးကိစ္စများကို ဖူလုံအောင် ကြိုးပမ်းနေကြသည့် လုပ်ငန်း ဆောင်ရွက်သူများအတွက် ရန်ပုံငွေထည့်ဝင်ရန်ကိစ္စသည် စဉ်းစားစရာ ကိစ္စရပ်ဟု ရှုမြင်မိ ပါသည်။ ထိုသို့ လူမှုစီးပွားဖွံ့ဖြိုးရေး လုပ်ငန်းများအတွက် ယင်းဒေသရှိ တခြားသော စီမံကိန်းလုပ်ငန်း ကြီးများ လုပ်ကိုင်နေသည့် ကုမ္ပဏီများမှ ရန်ပုံငွေထည့်ဝင်ကာ ဒေသဖွံ့ဖြိုးရေးနှင့် ရိုးရာရေနံ လက်ယက်တွင်းလုပ်ငန်းများ ရေရှည် အကျိုးရှိစွာ တူးဖော်ထုတ်လုပ်နိုင်ရန်အတွက် အထောက်အပံ့ များဖြင့် စီမံဆောင်ရွက်နိုင်မည်ဆိုလျှင် ပိုမိုထိရောက်မည်ဟု အကြံပြုလိုပါသည်။ စီမံကိန်းများ ဆောင်ရွက်နေသည့် နိုင်ငံတကာကုမ္ပဏီ သို့မဟုတ် ပြည်တွင်းကုမ္ပဏီများအနေဖြင့် ၎င်းတို့၏ လူမှုစီးပွား ရန်ပုံငွေထဲမှ ဒေသဖွံ့ဖြိုးရေးနှင့် ယင်းဒေသရှိ လက်ယက်တွင်းများ ပိုမိုတိုးတက်လာစေရန် အတွက် စီမံဆောင်ရွက်ခြင်းမျိုး လုပ်ဆောင်နိုင်ပါက ပိုမိုအကျိုးရှိစေမည်ဟု ယူဆမိပါသည်။ ထို့ကြောင့် ရေနံလက်ယက်တွင်းလုပ်ငန်းလုပ်ကိုင်သူများမှ ရန်ပုံငွေထည့်ဝင်ရမည့်ကိစ္စသည် မသင့်လျော်သော ကြောင့် ပုဒ်မ ၂၉ ပုဒ်မခွဲ (က) ကို ထည့်သွင်းဖော်ပြရန် မသင့်ကြောင်း အကြံပြုတင်ပြလိုပါသည်။**

Myanmar Centre for Responsible Business, No.6 (A), Shin Saw Pu Rd. (Near Sakura Hospital),
Kayin Chan Ward, Ahlone Township, Yangon, Myanmar
Tel/fax: +95 1-512613 info@myanmar-responsiblebusiness.orgwww.myanmar-responsiblebusiness.org